## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ( International Day of Disabled Persons )

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အတည်ပြုချက်အရ ကမ္ဘာလူဦးရေ၏ ၁၀% ဖြစ်သော လူသန်းပေါင်း ၆၀၀ ခန့်သည် မသန်စွမ်းသူများဖြစ်ပါသည်။ ထိုမသန်စွမ်းသူများ၏ ၈၀ % ခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေတာကို တွေ့ရပါသည်။ များပြားလှ သောမသန်စွမ်းတွေကို လျစ်လျူရှုလို့မရနိုင်ကြောင်း သိစေလိုသည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးက ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်း သူများနှစ်အဖြစ် သတ်မှတ်ကြောင်းကို ၁၉၇၆ ခုနှစ်မှာ ကြေညာခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း ကာလကို မသန်စွမ်းသူများ၏ ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ မသန်စွမ်းသူများ၏ အရေးကိစ္စများကို ပိုနားလည်စေရန်နှင့် မသန်စွမ်းသူများတွင်လည်း အခြေခံလူ့အခွင့်အရေးများရှိကြောင်း သိရှိစေရန်နှင့် ထိုသူများကို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍပေါင်းစုံတွင် ပါဝင်လာ စေရေးအတွက် ဒီဇင်ဘာလ (၃) ရက် နေ့ကို မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

၂။ မသန်စွမ်းသူများတွင် မွေးရာပါမသန်စွမ်းသူ၊ ပိုလီယိုရောဂါကြောင့်မသန်စွမ်းသူ နှင့် အက်ဆီးဒင့်သို့မဟုတ် အခြားဖြစ်ရပ်များကြောင့် မသန်စွမ်းသူဟု သတ်မှတ်ထားကြပါသည်။ ထို့အပြင် မသန်စွမ်းများကို အကြားဆုံးရှုံးသူ၊ အမြင်ဆုံးရှုံးသူ၊ ခြေ/လက်အင်္ဂါ ဆုံးရှုံးသူ၊ ဉာဏ်ရည်အားနည်းသူ၊ မိမိကိုယ်ကို စောင့်ရှောက်မှု မပြုနိုင်သူနှင့် အခြားသူ များကို လုံးဝဆက်သွယ်မှုမပြုနိုင်သူဟူ၍ (၆) မျိုးသတ်မှတ်ထားပါသည်။ မည်သည့်ကြောင့်ပင် မသန်စွမ်း ဖြစ်စေကာမူ မသန်စွမ်းအခွင့်အရေးနှင့် လူ့အခွင့်အရေးတို့ကို အပြည့်အဝခံစားခွင့်ရှိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် မသန်စွမ်းများအခွင့်အရေးကြေညာစာတမ်းတို့တွင် ပြဋ္ဌာန်းထား ပါသည်။

၃။ လတ်တလောတွင် မသန်စွမ်းသူများသည် ပညာရေးအားနည်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခံရမှု နိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဆင်းရဲမွဲတေမှုနှုန်းမြင့်မားခြင်း စသည့် ဆိုးရွားသော လူမှုစီးပွားဘဝ အခြေအနေများကို ကြုံတွေ့ရနိုင်ခြေ ပို၍များလာနေကြောင်း ကုလသမဂ္ဂ အဖွဲ့ကြီးက ဆိုပါသည်။ မသန်စွမ်းသူများ၏ ဘဝသည် ၎င်းတို့နေထိုင်သည့်အခြေအနေ၊ လက်တွဲခေါ်မည့် ပတ်ဝန်းကျင်ကောင်း၊ အသိုင်းအဝိုင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြား အခြားသော အလုပ်အကိုင်များ တူညီစွာ ဝင်ရောက်နိုင်ခွင့် အခြေအနေများပေါ်မူတည်ပြီး များစွာ အပြောင်းအလဲ ဖြစ်နိုင်ပါသည်။

၄။ထို့အတူ မသန်စွမ်းသူများအတွက် ပံ့ပိုးပေးနိုင်သော လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အမြင်အာရုံ မသန်စွမ်းသူများ၏ မျက်မမြင်အကြောပြင် အနိုပ်ပညာ ဖွံ့ဖြိုးတိုး

တက်ရေးစီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိနိုင်ရေးစီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ မသန်စွမ်း အဖွဲ့ အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါသည်။

၅။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အခွင့်အရေး ဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ သို့သော်လည်း မသန်စွမ်းများအတွက် အခွင့်အရေးများ ရရှိစေရေးကိုအကူအညီပေးမှု အားနည်းနေ ကြဆဲဖြစ်ပါသည်။ ယခုနှစ်များအတွင်းဖြစ်ပွား ခဲ့သောတိုက်ပွဲများကြောင့် မသန်စွမ်းများသည် ပိုမိုဆိုးဝါးသော ဘဝဖြတ်သန်းမှုများကိုရင်ဆိုင် နေကြရသည်။ ထိုတိုက်ပွဲများနှင့် စစ်ကျန်လက်နက် များကြောင့်လည်း မသန်စွမ်းဦးရေမှာ တိုးပွားလျက်ရှိပါသည်။

၆။ ယနေ့ခေတ်မီသော ပညာရေးနယ်ပယ်၌ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လက်လှမ်းမီအခွင့်အရေးများ ဖန်တီးပေးနိုင်မည်ဆိုပါက မသန်စွမ်းသူများ၏အနာဂတ်ဘဝ ကောင်းမွန်တိုးတက်ရေးမှာ အလှမ်းမဝေးတော့ပြီဖြစ်ပါသည်။ မည်သို့ပင် ဆိုစေကာမူ တည်ဆောက် ရမည့်အနာဂတ်တွင် လူသားအရင်းအမြစ် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် မသန်စွမ်း သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်လိုပါသည်။ ပြည်သူ့အစိုးရများ၊ လူထုနှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်းကာ ဆန်းသစ်သော အဖြေများရှာဖွေ၍ မသန်စွမ်းသူများအတွက် လက်လှမ်းမီပြီး တန်းတူ ညီမျှမှုရှိသောဝန်းကျင်များကို ဖန်တီးရန်လိုအပ်ကြောင်း ယနေ့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်း သူများနေ့တွင် တိုက်တွန်းလိုက်ရပါသည်။